INFO BIRMANIE

JUSTICE FOR MYANMAR

သတင်းထုတ်ပြန်ချက်

၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၆) ရက် | မြန်မာ။

# မြန်မာစစ်တပ်ဆက်နွှယ် HEC Paris ကျောင်းသူအပေါ် စုံစမ်းစစ်ဆေးရန် ပြင်သစ်အာဏာပိုင်များကို Info Birmanie နှင့် Justice For Myanmar တို့ တောင်းဆို

ပြင်သစ်အစိုးရအနေဖြင့် သိမ့်ဝင်းထက်အပေါ် အလျင်အမြန် စုံစမ်းစစ်ဆေးပြီး၊ ပိုင်ဆိုင်မှုများအား သိမ်းဆည်းရန်နှင့် နိုင်ငံတွင်း နေထိုင်ခွင့်ဗီဇာကို ပြန်လည်ရုတ်သိမ်းရန် Info Birmanie နှင့် Justice For Myanmar တို့က တောင်းဆိုသည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၃ ရက်နေ့တွင် Justice For Myanmar ၏ ဥပဒေအကျိုးဆောင်များအဖြစ် ဆောင်ရွက်သော ပြင်သစ်ရှေ့နေများ ဖြစ်ကြသည့် ဝီလီယံဘော်ဒန်နှင့် လစ်လီရာဗွန်တို့သည် ပြင်သစ်အာဏာပိုင်များထံ သိမ့်ဝင်းထက်နှင့် ပတ်သက်၍ ပြင်သစ်နယ်မြေအတွင်းရှိ ၎င်း၏ ပိုင်ဆိုင်မှုမှန်သမျှကို သိမ်းဆည်းရန်နှင့် ပြင်သစ်နိုင်ငံအတွင်းမှ နှင်ထုတ်ရေး တင်ပြတောင်းဆိုခဲ့သည်။ ရှေ့နေများသည် သိမ့်ဝင်းထက် တက်ရောက်နေသည့် HEC Paris ကျောင်းသို့လည်း စာရေးသားပေးပို့ခဲ့ပြီး၊ ကျောင်းအနေဖြင့် သိမ့်ဝင်းထက်၏ ငွေကြေးရင်းမြစ်များကို ပြင်သစ်အာဏာပိုင်များထံ အသိပေးတင်ပြရန်နှင့် ၎င်း၏ ကျောင်းဝင်ခွင့်အား ပြန်လည်ရုတ်သိမ်းရေး စဉ်းစားပေးရန် တိုက်တွန်းခဲ့သည်။

HEC ကျောင်းသည် Consular Higher Education Institution (Etablissement d'Enseignement Supérieur Consulaire-EESC) အဖြစ်ရပ်တည်နေသည့်အခြေအနေနှင့် CCI Paris Ile-de-France သည် ကျောင်း၏ အဓိကရှယ်ယာရှင်အဖြစ် ရှိနေသည့် အခြေအနေများမှ အကျိုးအမြတ်များ ရရှိနေသည်။ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် Info Birmanie နှင့် Justice For Myanmar တို့သည် သိမ့်ဝင်းထက် HEC၊ HEC Investment Club နှင့် International Consulting Club တို့တွင် တက်ရောက်ခွင့် ရရှိနေမှု၊ သူမ၏ ကျောင်းဝင်ခွင့်ရရှိမှုကြောင့် ကျောင်းဒါရိုက်တာဘုတ်အဖွဲ့တွင် ပါဝင်ကြသည့် များစွာသော စီးပွားရေးခေါင်းဆောင်များနှင့် ၎င်းတို့၏ အဖွဲ့အစည်းများအပေါ် သက်ရောက်နိုင်သည့် ကြံရာပါပံ့ပိုးကူညီမှု၊ တတ်မြောက်သွားမည့် ပညာရပ်များနှင့် သက်ဆိုင်ရာ အသိုင်းအဝိုင်းကွန်ရက်တို့ကို မြန်မာနိုင်ငံအခင်းအကျင်းတွင် ပြန်လည်အသုံးပြုမှုနှင့် ဆက်စပ်အန္တရာယ်များအပေါ် စိုးရိမ်ပူပန်မှုများကို CCI Paris Ile-de-France ထံ စာရေးသားပေးပို့ခဲ့သည်။

သိမ့်ဝင်းထက်သည် မြန်မာစစ်တပ်ဆက်နွှယ် ခရိုနီစီးပွားရေး လုပ်ငန်းစုကြီး ရွှေဗိုလ်င်းဖြူကို တည်ထောင်သူ မိသားစု၏ မိသားစုဝင်တစ်ဦးဖြစ်ပြီး၊ ၎င်း၏ လူမှုကွန်ယက် LinkedIn စာမျက်နှာအရ ပြင်သစ်အထက်တန်းလွှာ စီးပွားရေးကျောင်းတစ်ခုဖြစ်သည့် HEC Paris သို့ တက်ရောက်ခွင့် ရရှိထားကြောင်း သိရသည်။

ရွှေဗိုလ်င်းဖြူကုမ္ပဏီအုပ်စုသည် မြန်မာစစ်တပ်နှင့် သိသာထင်ရှားသည့် ဆက်နွှယ်မှုများရှိနေသည့် အထင်ကရ ခရိုနီစီးပွားရေး လုပ်ငန်းစုကြီးဖြစ်ပြီး၊ အီးယူက ဒဏ်ခတ်ပိတ်ဆို့ထားသည့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက် (MEHL) နှင့် မိတ်ဖက်ပြုကာ ရေနံတင်သွင်းခြင်းအပါအဝင် အီးယူက ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ထားသည့် စစ်အုပ်စုထိန်းချုပ်ခံ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ လွှမ်းမိုးထားသည့် သတ္တုကဏ္ဍနှင့် သစ်ထုတ်လုပ်ရေးကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းများ ထူထောင်ထားသည်။

မြန်မာစစ်အုပ်စု၊ ၎င်း၏ စီးပွားရေးလုပ်ငန်းစုကြီးများနှင့် မိသားစု၏စီးပွားရေး ပတ်သက်ဆက်နွှယ်မှုများကြောင့် အမေရိကန်ပြည်ထောင်စုသည် သိမ့်ဝင်းထက်၊ ၎င်း၏ မောင်ဖြစ်သူ ဝင်းပိုင်ကျော်၊ မိဘများဖြစ်ကြသည့် သိန်းဝင်းဇော်နှင့် တင်လတ်မင်း နှင့် ရွှေဗိုလ်င်းဖြူကုမ္ပဏီအုပ်စုတို့ကို ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။ အမေရိကန်ပြည်ထောင်စု၏ ဒဏ်ခတ်ပိတ်ဆို့မှု ကြေညာချက်တွင် “စစ်အုပ်စုနှင့် နီးကပ်စွာ ဆက်နွှယ်နေသည့် ကုမ္ပဏီများစွာ” တွင်ရှိသော သိမ့်ဝင်းထက်၊ ၎င်း၏ မောင်ဖြစ်သူနှင့် အမေဖြစ်သူတို့၏ အခန်းကဏ္ဍကို ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်တွင် ရွှေဗိုလ်င်းဖြူအုပ်စုသည် တယ်လီနောမြန်မာကို ဝယ်ယူထိန်းချုပ်လိုက်ပြီး၊ ATOM Myanmar ဟု အမည်ပြောင်းခဲ့သည်။ စစ်အုပ်စုသည် ၎င်း၏ အကြမ်းဖက်စစ်ဆင်ရေး အစိတ်အပိုင်းအဖြစ် မြန်မာပြည်သူများအပေါ် စောင့်ကြည့်ထောက်လှမ်းရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်ရန် ကြိုးပမ်းနေစဉ်တွင် ရွှေဗိုလ်င်းဖြူက တယ်လီနောမြန်မာအား ဝယ်ယူထိန်းချုပ်လိုက်မှုက အသုံးပြုသူ သန်းပေါင်းများစွာတို့၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များအပေါ် အန္တရာယ်ကျရောက်စေခဲ့သည်။

သိမ့်ဝင်းထက်သည် စစ်တပ်၏ တရားမဝင် အာဏာသိမ်းကြိုးပမ်းမှုစတင်ပြီးနောက်ပိုင်း ရွှေဗိုလ်င်းဖြူကုမ္ပဏီက တယ်လီနောအား ဝယ်ယူနေစဉ်အတွင်း တည်ထောင်ခဲ့သည့် One Telecom Company Limited တွင် ရှယ်ယာရှင်နှင့် ဒါရိုက်တာတစ်ဦး ဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် သိမ့်ဝင်းထက်သည် ATOM Myanmar တွင် ဘဏ္ဍာရေးဆန်းစစ်သူအဖြစ် အလုပ်သင်ဆင်းခဲ့သည်။

သိမ့်ဝင်းထက်သည် "မြန်မာ-ရုရှား မိတ်ဖက်ဆောင်ရွက်မှု ခိုင်မာစေရေး ရုရှားနိုင်ငံမှ ယုံကြည်နိုင်သော အရောင်းကိုယ်စားလှယ်များအား ရှာဖွေရန်" အတွက် ၂၀၂၂ ခုနှစ်တွင် စုဖွဲ့တည်ထောင်ခဲ့သော လုပ်ငန်းစုကြီးတစ်ခုတွင် အဖွဲ့ဝင်ဖြစ်သည့် မြန်မာရေနံကုမ္ပဏီ Min Shwe Myine Enterprise Limited တွင်လည်း ရှယ်ယာများ ပိုင်ဆိုင်ထားသည်။

သိမ့်ဝင်းထက်၏ ကုန်ကျစရိတ်များကို ၎င်း၏ မိသားစုက ပံ့ပိုးကြောင်း Justice For Myanmar ၏ သတင်းရင်းမြစ်များအရ သိရသည်။

အီးယူအနေဖြင့် ရွှေဖျိုင်းဖြူကုမ္ပဏီအုပ်စုနှင့် သိမ့်ဝင်းထက်အပါအဝင် ကုမ္ပဏီပိုင်ရှင်များ၊ ဒါရိုက်တာများအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများကို အရေးတကြီးချမှတ်ရန်၊ စစ်အုပ်စု၏ ဘဏ္ဍာငွေ၊ စစ်လက်နက်၊ စက်ပစ္စည်းနှင့် လေယာဉ်ဆီရရှိမှု များအား ပိတ်ပင်ဖြတ်တောက်ရန်အတွက် ပစ်မှတ်ထား ဒဏ်ခတ်ပိတ်ဆို့မှုများကို မိမိ၏ မဟာမိတ်များနှင့် ပူးပေါင်းညှိနှိုင်းကာ တိုးမြှင့်ချမှတ်ရန် Info Birmanie နှင့် Justice For Myanmar တို့က တောင်းဆိုသည်။

**Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က** "သိမ့်ဝင်းထက် ပြင်သစ်နိုင်ငံမှာ ပညာသင်ယူနိုင်နေတဲ့အချက်က စစ်တပ်ရဲ့တရားမဝင် အာဏာသိမ်းကြိုးပမ်းမှုနောက်ပိုင်း ပြဋ္ဌာန်းလိုက်တဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေမှာ ညှိနှိုင်းဆောင်ရွက်မှု ဆိုးဆိုးရွားရွား ကင်းမဲ့နေတာကို ပြသလိုက်တဲ့ နောက်ထပ် လက္ခဏာတစ်ရပ်ပဲ ဖြစ်ပါတယ်။

ပြင်သစ်နိုင်ငံအတွင်းမှာ သိမ့်ဝင်းထက် ရှိနေမှုက ရွှေဖျိုင်းဖြူအုပ်စုရဲ့ စီးပွားရေးမိတ်ဖက်တွေအပေါ် အီးယူရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေနဲ့ သိမ့်ဝင်းထက်နဲ့ သူ့မိသားစုတွေအပေါ် အမေရိကန်ပြည်ထောင်စုရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုတွေကို သေးသိမ်ထိခိုက်စေပါတယ်။

ပြင်သစ်နိုင်ငံအနေနဲ့ သိမ့်ဝင်းထက်အပေါ် အမြန်ဆုံး စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်သင့်ပါတယ်။ ပြင်သစ်မှာရှိတဲ့ သူမ သို့မဟုတ် သူမမိသားစုရဲ့ပိုင်ဆိုင်မှုအားလုံးကို သိမ်းဆည်းသင့်ပြီး၊ ပြင်သစ်နိုင်ငံတွင်း နေထိုင်ခွင့်ကိုလည်း ပိတ်ပင်သင့်ပါတယ်။

စစ်တပ်ရဲ့ မအောင်မြင်တဲ့ အာဏာသိမ်းကြိုးပမ်းမှုကို မြန်မာပြည်သူတွေက သုံးနှစ်ကျော်လာတဲ့ အချိန်အထိ သတ္တိပြောင်မြောက်စွာနဲ့ ခုခံတော်လှန်နေပါတယ်။ ပြင်သစ်နိုင်ငံအနေနဲ့ မြန်မာပြည်သူတွေ

ဘက်က ရပ်တည်သင့်ပြီး၊ ၄င်းရဲ့ပိုင်နက်နယ်မြေအတွင်း မြန်မာခရိုနီတွေကို ကြိုဆိုနေမှာ မဟုတ်ဘူးဆိုတဲ့ ရှင်းလင်းပြတ်သားတဲ့ သတင်းစကား ပါးသင့်ပါတယ်” ဟု ပြောကြားခဲ့သည်။

**Info Birmanie ညှိနှိုင်းရေးမှူး ဂျိုဟန်နာ ချာဒွန်နီးရာစ်က** “ဆိုးရွားတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေအတွက် တာဝန်ရှိတဲ့ မြန်မာစစ်အုပ်စုနဲ့ ဆက်နွယ်နေတာကြောင့် အမေရိကန်ဒဏ်ခတ်ပိတ်ဆို့မှုတွေ ချမှတ်ခံထားရတဲ့ ကျောင်းသူတစ်ယောက် HEC ကျောင်းမှာ တက်ရောက်နေနိုင်ခြင်းက မြန်မာနိုင်ငံအပေါ် ရေလိုက်ငါးလိုက်နည်းလမ်းအတိုင်း ကျင့်သုံးနေတယ်ဆိုတာကို ပြသနေပါတယ်။

သိမ့်ဝင်းထက်ကို ပညာသင်ကြားပေးခြင်း၊ ကျောင်းအသိုင်းအဝိုင်းမှာဝင်ဆန့်ခွင့်ပေးခြင်းဖြင့် HEC ကျောင်း၊ ကျောင်းစီမံအုပ်ချုပ်ရေးအဖွဲ့၊ ဒါရိုက်တာဘုတ်အဖွဲ့ဝင်များနဲ့ ရှယ်ယာရှင်များအနေနဲ့ အသက်ညှာဆုံး ပြောရရင် ကျောင်းဝင်ခွင့် လုပ်ငန်းစဉ်မှာ စိစစ်ဆောင်ရွက်မှု ပြောင်ပြောင်တင်းတင်း ကင်းမဲ့နေတာကို ပြသနေတာဖြစ်ပြီး၊ အဆိုးဆုံးအနေနဲ့ကတော့ လွတ်လပ်ဖို့အတွက် မြန်မာပြည်သူတွေရဲ့ ရုန်းကန်နေမှုအပေါ် မထီမဲ့မြင်ပြုလိုက်တာ ဖြစ်ပါတယ်။

သိမ့်ဝင်းထက်က ပြင်သစ်နိုင်ငံကနေပြီး ရွှေဗိုုင်းဖြူအုပ်စုမှာရှိတဲ့ သူမရဲ့ ပိုင်ဆိုင်မှုကို ဆက်လက်စီမံဆောင်ရွက်နေတာဖြစ်ပြီး၊ ဒါဟာ စစ်အုပ်စုအတွက် အခွန်ငွေရှာဖွေပေးနေတာဖြစ်သလို၊ သူမရဲ့ နိုင်ငံသားတွေအပေါ် သွေးထွက်သံယိုဖိနှိပ်မှုတွေမှာ ဝင်ရောက်ပံ့ပိုး ကူညီပေးနေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ပြင်သစ်နိုင်ငံအနေနဲ့ စစ်အုပ်စုရဲ့နိုင်ငံတကာရာဇဝတ်မှုတွေနဲ့ မတရားဖိနှိပ်အုပ်ချုပ်မှုတွေအပေါ် အကြိမ်ကြိမ်ရှုတ်ချမှုတွေ၊ မြန်မာပြည်သူတွေကို အားပေးထောက်ခံကြောင်း အကြိမ်ကြိမ်ပြောဆိုမှုတွေနဲ့ လက်တွေ့ကိုက်ညီမယ့်လုပ်ရပ်အဖြစ် လျော်ကန်သင့်တော်တဲ့ အရေးယူဆောင်ရွက်မှုတွေကို ချမှတ်လုပ်ဆောင်ရမှာ ဖြစ်ပါတယ်” ဟု ပြောကြားခဲ့သည်။

## ပိုမိုသိရှိရန်

ပြင်သစ်အာဏာပိုင်များထံ ဥပဒေကြောင်းဆိုင်ရာတိုင်ကြားချက်ကို <u>ယခုနေရာ</u>တွင် ဖတ်ရှုပါ။ အင်္ဂလိပ်ဘာသာဖြင့် <u>ယခုနေရာ</u>တွင် ဖတ်ရှုပါ။
HEC Paris ထံ ဥပဒေကြောင်းဆိုင်ရာပေးပို့လွှာကို <u>ယခုနေရာ</u>တွင် ဖတ်ရှုပါ။ အင်္ဂလိပ်ဘာသာဖြင့် <u>ယခုနေရာ</u>တွင် ဖတ်ရှုပါ။